# ၁၉၆၃ ခုနှစ်၊အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ ဤဥပဒေတွင်၊ " အများနှင့်သက်ဆိုင်သောပစ္စည်း " ဆိုသည်မှာ -

(က) တပ်မတော် ၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင် တစ်ဦးဦး၊ သို့တည်းမဟုတ် တည်ဆဲတရားဥပဒေတစ်ခုခုအရ ဖွဲ့စည်းထားသည့်ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ဘဏ် ၊ အခြားအဖွဲ့တစ်ခုခု ၊ သို့တည်းမဟုတ်

(ဂ) သမဝါယမအသင်းတစ်ခုခု ၊ သို့တည်းမဟုတ်

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက၊ အမိန့်ကြော်ငြာစာဖြင့်ကျေညာသော -

(၁) အသင်းများမှတ်ပုံတင် အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းတစ်ခုခု ၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၆ အရ၊ ကုမ္ပဏီအဖြစ် မှတ်ပုံတင် ထားသော အသင်းတစ်ခုခု ၊

(၃) ပြည်သူတို့ ဆိုင်ရာ ယုံမှတ်အပ်နှံမှု အဖွဲ့တစ်ခုခု ၊ သို့တည်းမဟုတ်

(၄) အခြားအဖွဲ့အစည်းတစ်ခုခုပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် အသုံးပြုရန်လွှဲပြောင်း ပေးအပ် ထားသည့်ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင်၊ သို့တည်းမဟုတ် အခြားပစ္စည်း တစ်ရပ်ရပ်ကို ဆိုလိုသည်။

၃။ ။ မည်သူမဆို၊ အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ခိုးမှု၊ အလွဲသုံးစားပြုမှု၊ သို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်လျှင်၊ တသက်တကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အောက် မနည်းသည့် ထောင်ဒဏ်ဖြစ်စေ ၊ စီရင်ခြင်းခံရမည့်အပြင်၊ ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။ ရ

၄။ ။ ဤဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏ အခွင့် အမိန့်မရှိဘဲ၊ မည်သည့်တရားရုံးမှာမျှ၊ စစ်ဆေးစီရင်ပိုင်ခွင့်မရှိစေရ။ (ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီး ဌာန၏ ၂၁-၃-၁၉၆၃၊ ၃-၅-၁၉၆၃၊၁၂-၈-၁၉၆၃၊၁၄-၁၁-၁၉၆၃၊၉-၁၁-၁၉၆၄၊၃-၆-၁၉၈၁ နေ့စွဲပါအမိန့်ကြော်ငြာစာများတွင် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၂ (ဃ) အရ အကျုံးဝင်သော အဖွဲ့အစည်းများ အသင်းများနှင့် ဂေါပကများကိုကြေညာထားပါသည်။)

==============================